# ပန်သုငယ်

## မဟော်ဂနီစံအိမ်

# မဟော်ဂနီစံအိမ်

## အပိုင်း(၁)

*အင်္ဂလိပ်စာနှင့် အင်္ဂလိပ်စကား ကျွမ်းကျင်သူ ဆရာမတစ်ဦး အလိုရှိသည် *

ဆက်သွယ်ရန်

မဟော်ဂနီစံအိမ်

ဖုံး... ၀၉... ၃၁၅၈၅၂၆၀

ပျင်းပျင်းရှိသည် နှင့် မြန်မာ့အလင်း သတင်းစာအား ဟိုကြည့်သည် ကြည့် လျှောက်ကြည့်လိုက်၊ ကြော်ငြာကဏ္ဍများ တွေ့လျင် ဖတ်ကြည့်လိုက်ဖြင့်၊ တစ်ယောက်တည်း အလုပ်ရှုပ်နေသော သျှင်ငုဝါ တစ်ယောက် ကြော်ငြာကဏ္ဍ၏ အောက်ဆုံး စာမျက်နှာတွင် တွေ့လိုက်ရသော ကြော်ငြာတစ်ခုကြောင့် စိတ်ဝင်စားသွား မိလေသည် ။

ကျောင်းပြီး သွားကတည်းက ဟိုအလုပ် လျှောက်လိုက်၊ ဒီအလုပ် လျှောက်လိုက်ဖြင့် မည်သည့်အလုပ်နှင့်မျှ အဆင်မပြေ ဝင်လိုက်ထွက်လိုက်ဖြင့် စိတ်တိုင်းမကျ ဖြစ်လာခဲ့သည် မှာ ကြာခဲ့လေပြီ။

တစ်နေ့ထက် တစ်နေ့ ဝင်ငွေထက် ထွက်ငွေက ပိုများ လာသော အိမ်သုံးစရိတ်၊ ကျန်းမာရေး မကောင်းသော မိခင်ကြီး၏ ဆေးဖိုးများက

အစ်ကိုကြီးဖြစ်သူ အငှါးကား မောင်းရသော ဝင်ငွေနှင့်ဆိုလျှင် ရှေ့လျှောက်ပို၍ အခက်အခဲနှင့် တွေ့ကြုံလာဖွယ်သာ ရှိတော့သည် ။

မိမိ စိတ်တိုင်းမကျတိုင်း ထွက်ခဲ့သော အလုပ်များမှာ လည်း များလာခဲ့လေပြီ။ ယခုတော့ အလုပ်မရွေးတော့ဘဲ သင့်တော်မည်ထင်သည့် အလုပ်တစ်ခု ဝင်လုပ်ရန် ရည်ရွယ်ချက်ဖြင့် သတင်းစာမှာ မွှေနှောက်ရှာဖွေရင်းမှ အင်္ဂလိပ်စာ သင်ပေးရန် ဆရာမတစ်ဦး အလိုရှိကြောင်း ကြော်ငြာအား ဖတ်မိလိုက်ခြင်း ဖြစ်သည် ။

"မဆိုးဘူး... ငါကလည်း အင်္ဂလိပ်စာနဲ့ ကျောင်းပြီးထားတာ ဆိုတော့ ဖုန်းဆက်ကြည့်ဦးမှ ... ရသွားတော့လည်း ကောင်းတာပေါ့၊ အိန္ဒြေရှိရှိနဲ့ စာသင်ရမှာ ပဲလေ... "

သျှင်ငုဝါ စိတ်ထဲတွင် တစ်ယောက်တည်း တွေးနေမိရင်းမှ သတင်းစာထဲရှိ ဖုံးနံပါတ်အား လှမ်းဆက် ကြည့် လိုက်လေသည် ။

***

အခန်း(၂)

"ဟဲလို... ပြောပါ"

ဖုန်းခေါ်သံအဆုံး တစ်ဖက်မှ အသက်သုံးဆယ်ကျော် လူလတ်ပိုင်းအရွယ် လူတစ်ဦး၏ မာဆတ်ဆတ် ထူးသံကြောင့် သျှင်ငုဝါ တွန့်ဆုတ်သွားသလို ရှိနေရင်းမှ စိတ်အားတင်း၍ ...

"မဟော်ဂနီ စံအိမ်ကပါလားရှင့်"

"ဟုတ်ပါတယ်… ဘာကိစ္စရှိလို့ လဲ"

"ဟုတ်ကဲ့… မြန်မာ့အလင်း သတင်းစာမှာ ကြော်ငြာထည့်ထားတာ တွေ့လို့ ပါရှင့်။ အင်္ဂလိပ်စာ ကျွမ်းကျင်တဲ့ ဆရာမတစ်ဦး အလိုရှိသည် ဆိုတဲ့ ကြော်ငြာလေ… "

"ဟုတ်တယ်လေ… ခုဘာဖြစ်လို့ လဲ"

အမလေး စိတ်မရှည်လိုက်တာ… အဲဒီလို အိမ်မျိုး ငါအ လုပ်သွား လုပ်လို့ ဖြစ်ပ့ါမလား… နဂိုကတည်းက မဟုတ်မခံစိတ် ရှိသူ သျှင်ဒုဝါ မှာ တစ်ဖက်မှ မတူမတန်သလို ပြောဆို ဆက်ဆံမှုများအား မကျေမနပ် ဖြင့် တွေးနေ မိလေ၏။

မဖြစ်သေးပါဘူးလေ… ငါအလုပ်ရမှ ဖြစ်မှာ ။

မိမိအိမ်ရှိ ငွေရေးကြေးရေးပြဿနာများကြောင့် အလုပ် အရေးတကြီး လိုအပ်နေသော သျှင်ဒုဝါမှာ မကျေမနပ် ဖြစ်နေသော စိတ်အား ချုပ်တည်း၍ ပြန်ပြောမည်အပြု …

"မင်း… ပြောစရာရှိတာ မြန်မြန်ပြောပါ… ကျုပ်မှာ အလုပ်ရှိသေးတ ယ်။ ပြောစရာမရှိလည်း ဖုန်းချလိုက်တော့မယ်"

တစ်ဖက်မှ စိတ်မရှည်သလို ပြန်ပြောသံကြောင့်…

"မဟုတ်ရပါဘူးရှင်… ခဏလေးပါ… ကျွန် မအတွေးလွန်သွားလို့ ပါ၊ ဒီလိုပါ… ကျွန်မ အဲဒီအလုပ် လျှောက်ချင်လို့ ပါ… အိမ်လိပ်စာလေးများ သိရမလားရှင့်… ကျွန်မ ဘယ်နေ့ လာတွေ့လို့ ရနိုင်မလဲမသိဘူး ဟို… လစာကကော ဘယ်လောက်… "

"မင်းတော်တော် စကားများ တဲ့ မိန်းကလေးပဲ… မင်းစကားအသာ ထား ကျုပ်ပြောတာ နားထောင်… ကျုပ်တို့ စံအိမ်က ရှမ်းပြည်တောင်

ပိုင်းမှာ ... မင်းအလုပ်လုပ်မယ်ဆို အိမ်မှာ နေရမှာ ... ပြန်လို့ မရဘူး... စာချုပ်မှာ အနည်းဆုံး တစ်နှစ် အလုပ်လုပ်ရမယ်ဆိုတာ လက်မှတ်ထိုးရမယ်... မင်းကို တစ်နှစ်စာ လစာ တစ်လုံးတစ်ခဲထဲ ထုတ်ပေးမယ်... တစ်လအတွက် စရိတ်ငြိမ်း လစာသုံးသိန်းနဲ့ တစ်နှစ်စာ သုံးဆယ့်ခြောက်သိန်း မင်းကို အလုပ်ဝင်တာနဲ့ ရှင်းပေးမယ်... တစ်ခုတော့ ရှိတယ်... စာချုပ်မပြည့်ခင် အလုပ်ထွက်ရင် မင်းကို ထုတ်ပေးထားတဲ့ တစ်နှစ်စာ လစာရဲ့ သုံးဆ မင်းပြန်လျော်ပေးရမယ်... ဘယ်လိုလဲ... မင်းသဘောတူလား"

အမလေး... လစာကတော့ မက်လောက်စရာပါ... ဒါပေမဲ့ စာချုပ်ကြီးကတော့ ကြောက်စရာကြီး... ပြန်လျော်ရမယ် ဆိုတာကလည်း ပါသေး... မဖြစ်သေးပါဘူး...

"ဒီမှာ ... မိန်းကလေး... မင်းစဉ်းစားမယ် ဆိုလည်း စဉ်းစား၊ မင်းလုပ်ချင်ရင် နောက်တော့ ပြန်ဖုန်းဆက်... မင်းဖုန်းကိုင်ပြီး တွေးချင်ရာ တွေးနေတာကို ကျုပ်က ထိုင်စောင့် နားထောင်ပေးရအောင် အားမနေဘူး... ဒါဘဲ... "

သျှင်ငုဝါ လုပ်သင့် မလုပ်သင့် တွေဝေနေတုန်း တစ်ဖက်လူမှ တင်တင်စီးစီးပြောကာ ဖုန်းချသွားလေသည်။

ဟွန်း... ကြီးကျယ်လိုက်တာ... သူ့အလုပ်များ သေတောင်မလုပ်ဘူး။ ဖုန်းပြန်ဆက်ပြီး မိုက်မိုက်ရိုင်းရိုင်း ပြောလိုက်ရ မကောင်း ရှိတော့မယ်... တောက်... တော်တော်ရိုင်းတဲ့ လူ... တစ်ယောက်တည်း တွေးရင်း သျှင်ငုဝါ ဒေါသထွက် နေလေသည်။

***

အခန်း(၃)

"သျှင်လေးရေ... သမီး အမေ့ဆီ ခဏလာပါဦးကွယ်"

"ဟုတ်... လာပါပြီ မေမေ"

မိခင်ဖြစ်သူ၏ တိုးဖွဖွခေါ်သံကြောင့် ထုံးစံအတိုင်း သတင်းစာတစ်စောင်နှင့် အလုပ်ရှုပ်နေသော သျှင်ဒုဝါ မိခင်အနားသို့ အပြေးလေး ကပ်သွားလေသည် ။

"ဟင်... မေမေ ဘာဖြစ်လို့ လဲဟင်... မောလို့ လား... "

မိခင်ဖြစ်သူ၏ လိုတာထပ်ပို၍ အသက်ရှုရ ခက်ခဲနေပုံအားကြည့်၍ သျှင်ဒုဝါမှာ စိုးရိမ်တကြီး မေး လိုက်လေသည် ။

"အေး... သမီးရယ်... အမေ အသက်ရှူရတာ မကောင်းဘူးကွယ်။ ဆေးတွေလည်း သောက်ထားတာပဲ သမီးရယ်... မသက်သာဘူး၊ ရင်ဘတ်ထဲက ထိုးထိုးအောင့်နေတာ... "

"ဟာ... မဖြစ်ဘူးအမေ... ဆေးခန်းသွားကြမယ်... ထ... သမီးထူပေးမယ်... အမေ ခဏထိုင်နေဦး... သမီးကိုကြီးကို ဖုန်းဆက်လိုက်ဦးမယ်နော်"

မိခင်ဖြစ်သူအား ပြောလည်း ပြော အစ်ကိုဖြစ်သူအားလည်း ဖုန်းဆက် ခေါ် လိုက်လေသည် ။

သိပ်မကြာ အစ်ကိုကြီးဖြစ်သူ ရောက်လာသည် နှင့် မိခင်ဖြစ်သူအား ဆေးခန်း ခေါ်သွား လိုက်လေသည် ။

"ခင်ဗျားအမေကို ဆေးရုံတင်ရမယ် ကိုကျော်စွာ... သူ့နှလုံးခုန်သံ ကျွန်တော် သိပ်သဘောမကျဘူးဗျာ"

မိခင်ဖြစ်သူအား စမ်းသပ်ပြီး ဆရာဝန်၏ စကားကြောင့် အစ်ကိုဖြစ်

သူနှင့် သျှင်ငုဝါတို့ မှာ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ စိုးရိမ်ပူပန် သွားကြလေသည် ။

"ဟုတ်ကဲ့ဆရာ... ကျွန်တော် ခုပဲ ဆေးရုံ တင်လိုက်ပါ့မယ်... "

"သျှင်လေး... နင်အိမ်ပြန်ပြီး အမေ့အတွက် လိုအပ်တာတွေ နင့်အစ်မနဲ့ ကူထည့်ပြီး ပြန်လာခဲ့... နင့်အစ်မကိုလည်း ကလေးနှစ်ယောက်နဲ့ ညကျရင် သေချာတံခါးတွေ လုံလုံခြုံခြုံပိတ်အိပ်လို့ ပြောခဲ့ ကြားလား... "

အစ်ကိုဖြစ်သူမှ ၎င်း၏ ဇနီးဖြစ်သူနှင့် ကလေးနှစ်ယောက်ထံ လိုအပ်သည် များ ယူရင်း ပြောခိုင်း လိုက်သည် များအား ခေါင်းညိတ်ပြ၍ သျှင်ငုဝါအိမ်သို့ ကားငှါး၍ ပြန်လာခဲ့လေသည် ။

"ကိုကြီး... ဘာဖြစ်လို့ လဲဟင်"

ဆေးရုံရှေ့ ခုံတန်းလျားတွင် မျက်နှာမကောင်းစွာ ထိုင်နေသော အစ်ကိုဖြစ်သူအား သျှင်ငုဝါ ပြန်အလာ တွေ့လိုက်ရ၍ မေးလိုက်မိလေသည် ။

"ညီမလေး... အမေက နှလုံးခွဲစိတ်ရမယ်တဲ့ ... သွေးကြော ပိတ်နေတယ်တဲ့ ... ခွဲစိတ်ရင် အနည်းဆုံး သိန်းအစိတ်လောက် ကုန်မယ်တဲ့ ကွာ ... ကိုကြီးတို့ က သိန်းအစိတ်မပြောနဲ့ ... လက်ထဲ တစ်သိန်းတောင် ပြည့်အောင်မရှိတာ... အိမ်ကလည်း အငှါး... ကားကလည်း အငှါး ဘယ်လိုလုပ်ကြမလဲ ညီမလေးရယ်"

"ဟင်... ဒုက္ခပါပဲ ... ကိုကြီးရယ်... ညီမလေး ဘာလုပ်ရမလဲ"

သျှင်ငုဝါ ရင်ထဲတွင် ဝမ်းနည်းမှုတို့ ကြောင့် မျက်ရည်များ စီးကျ လာလေသည် ။

ငါဘာလုပ်ရမလဲ... ငါဘာလုပ်ရင် ရနိုင်မလဲ... ငိုကြွေးစဉ်းစားရင်းမှ ရုတ်တရက် သျှင်ငုဝါ သတိရသွားလေသည် ။

သိပြီ... ဆရာမအလုပ်... ဟိုမဟော်ဂနီ စံအိမ်မှာ သွားနေပြီး လုပ်ရမဲ့ အလုပ်... ဟုတ်တယ်... ငါတစ်နှစ်စာ ပိုက်ဆံကြိုယူပြီး ကိုကြီးလက်ထဲ အပ် အမေ့အတွက် ပေးခဲ့မယ်... ငါအဲဒီအိမ်မှာ သွားလုပ်မယ်...

ဟုတ်တယ်... ခုလောက်ဆို သူတို့ လူများ ရသွားပြီလား... မရနိုင် သေးပါဘူး... သူတို့ အလုပ်ကြီးက နေရာကလည်း အဝေးကြီး အလျော် အစားတွေကလည်း ပါသေး... ရမှာ မဟုတ်သေးပါဘူး... ငါဖုန်းဆက်ပြီး အလုပ်ဝင်မယ်ဆိုတဲ့ အကြောင်း ပြောလိုက်တော့မယ်။ သျှင်ငုဝါ တွေး နေမိရင်းမှ စိတ်သက်သာရာ ရသွားသူ တစ်ယောက်လို သက်ပြင်းတစ်ချ က်အား လေးတွဲ့စွာ ရှိုက် လိုက်လေသည် ။

အမေ့အတွက်ပဲလေ... ငါဘာပဲဖြစ်ဖြစ် လုပ်ရမှာ ပဲ... ဆရာမအလုပ် ဆိုတော့ ငါ့အတွက် သူတို့ အိမ်မှာ နေရလည်း အန္တရာယ် မရှိနိုင် လောက်ပါဘူး။

တစ်ကိုယ်တည်း တွေးနေမိရင်းမှ သျှင်ငုဝါတစ်ယောက် မဟော်ဂနီ စံအိမ်ကြီးတွင် အလုပ်ဝင်ရန် ဆုံးဖြတ်ချက် ချ လိုက်လေတော့၏။

***

# အပိုင်း(၂)

## အခန်း(၄)

ရထားရပ်လိုက်သည် နှင့် ပျားပန်းခတ်မျှ ရှုပ်ထွေးနေသော ခရီးခရီးသည် များ ၊ အထမ်းသမားများ ၊ ဈေးသည် များ ၊ ၎င်းတို့ ၏ ဝန်စည်စလယ်များ ဖြင့် ဘူတာရုံတစ်ခုလုံး ရှုပ်ထွေး သွားလေသည် ။

မည်သည့်ပစ္စည်းမှ အပိုမယူလာ၊ မိမိတစ်ကိုယ်ရည် တစ်ကာယ အတွက် လိုအပ်သည် များကိုသာ ထည့်ယူလာသောကြောင့် သျှင်ငုဝါထံတွင် အဝတ်အိတ်တစ်ခုမှ လွှဲ၍ ဆွဲစရာ လေးလံသော မည်သည့် အထုတ်အပိုးမှ မပါရှိချေ။

ရထားပေါ်မှ လက်ဆွဲအိတ် တစ်လုံးဖြင့် မျက်စိသူငယ် နားသူငယ် ဖြင့် ဆင်းလာသော သျှင်ငုဝါတစ်ယောက် မဟော်ဂနီစံအိမ်မှ လာကြိုမည်ဆိုသော သူအား ရှာဖွေ နေမိလေသည် ။

ဘူတာတွင် ရထားဆိုက်ပြီး အနည်းငယ်ကြာသည် နှင့် သျှင်ငုဝါ စီးလာသော ရထားမှာ ရှေ့သို့ခရီးဆက်ရန် ထွက်တော့မည်ဆိုသည် ကို အချက်ပြသည့် အနေနဲ့ ဥဩဆွဲကာ ထွက်ခွါ သွားလေတော့သည် ။

ရထား ထွက်ခွါသွားသည့် အချိန်ထိ မိမိအား လာကြိုမည် ဆိုမည့်သူ အား ရှာမတွေ့ရသေး။ သျှင်ဇုဝါ ရင်ထဲတွင် ဝမ်းနည်း အားငယ်စိတ်များ ဝင်ရောက် လာလေသည် ။ မွေးကတည်းမှ ယခု အသက်နှစ်ဆယ့်နှစ်နှစ် အရွယ်ထိ လူကြီးမိဘမပါဘဲ တစ်ခါမှ ခရီးမသွားဖူး။ ယခု တစ်ယောက် တည်း ခရီးထွက်လာရသည် မှာ ပထမဆုံးပင်။

အစ်ကိုဖြစ်သူက စိတ်မချသဖြင့် အလုပ်မဝင်ရန် တားမြစ် သော်လည်း မိခင်ဖြစ်သူ ခွဲစိတ်ရန်အတွက် လိုအပ်သည့် ငွေအား သမာ အာဇီဝဖြင့် ရနိုင်မည့် နည်းလမ်းမှာ ဒီတစ်ခုသာလျှင် ရှိသည် မို့ နောက် ဆုံးတွင် သျှင်ဇုဝါအား စိတ်ပူပန်မှုများ ကြားထဲမှ အစ်ကိုဖြစ်သူမှာ မျက် စိစုံမှိတ်၍ စေလွှတ်လိုက်ခြင်း ဖြစ်လေသည် ။

ဒါတောင် မှာ လိုက်သေးသည် ။ တစ်ခုခု အခက်အခဲနှင့် ကြုံပါက ၎င်းအား အချိန်မရွေး အကြောင်းကြားရန်နှင့် သျှင်ဇုဝါ ဆက်မလုပ်နိုင် ပါက စံအိမ်ပိုင်ရှင်များ ၏ ငွေအား မဖြစ်ဖြစ်တဲ့ နည်းဖြင့် လျော်ပေးမည် ဖြစ်ကြောင်း စိတ်ရှုပ်စရာများ ကြုံတွေ့ရပါက ငွေကြေး လျော်ရမည် စိုး သဖြင့် ဇွတ်မှိတ်၍ လုပ်နေစရာ မလိုကြောင်း တို့ ကိုပါ။

ဟွန်း... သူ့လက်ထဲ ငွေတစ်သိန်း ပြည့်အောင်တောင် မရှိတာ... လျော်ပေးဦးမယ်တဲ့ ... ပြောမဲ့သာ ပြောလိုက်တာ... သူ့ကို ဘယ်သူက တစ်နှစ်စာငွေရဲ့ သုံးဆကို ချေးပေးမှာ လဲ... စကတည်းက အဲဒီလိုသာ ချေးလို့ ရစတမ်းဆိုလျှင် ငါယခုလို မျက်နှာစိမ်း အရပ်ဒေသ ရောက်လာ စရာတောင် မရှိဘူး ... အပိုတွေ ...

တယောက်ထဲ အစ်ကိုဖြစ်သူ အကြောင်းအား တွေးနေမိရင်းမှ သျှင် ဇုဝါ၏ မျက်လုံးလေးများမှာ ကျီးကန်းတောင်းမှောက်နှင့် စံအိမ်မှ လာ ကြိုမည့်သူအား ရှာဖွေနေလေသည် ။

***

အခန်း(၅)

"သျှင်ငုဝါ... မှတ်လား"

"အမလေး"

မိမိ နောက်ကျောဘက်ဆီမှ ခေါ်သံကြောင့် ထိတ်လန့်သွားကာ သျှင်ငုဝါတစ်ယောက် နောက်သို့ ဆတ်ခနဲ လှည့်ကြည့် လိုက်မိလေသည်။

မိမိနောက်ဘက်တွင် ကုတ်အင်္ကျီရှည် မီးခိုးရောင်၊ ဘောင်းဘီရှည် အနက်ရောင်တို့ နှင့် မြင်းစီးလျှင် ဆောင်းလေ့ရှိသော ဦးထုတ်အား မျက်နှာတခြမ်း ဖုံးအောင် ဆောင်းထားသူ အရပ်မြင့်မြင့်နှင့် လူတစ်ဦးအား တွေ့လိုက်ရလေသည်။

"အမိ... ဘာကြောင့် ကြည့်နေတာလဲ... သျှင်ငုဝါ ဟုတ်တယ်မှတ်လား... ကျုပ်မေးတာ နှစ်ခါရှိပြီ"

ဟင်... ဒီလေသံ... ဒီလိုမာကျောကျော ပြောပုံမျိုး... သြော် ငါသိပြီ ဖုန်းထဲကလူ... ဒီလူက ငါနဲ့ ဖုန်းပြောတဲ့ လူဘဲ... ဟွန်း... ပုံစံကိုက သူ့ကိုယ်သူ မင်းသားလိုလို... ဘာလိုလိုနဲ့ ဝတ်ထား စားထားလိုက်တာက အကုန်တလွဲ... တောပုံပဲ ပေါက်နေတယ်တော့်... သျှင်ငုဝါ ခပ်မဲ့မဲ့တွေး

မိရင်း ...

"ဟုတ်ကဲ့... ကျွန် မသျှင်ငုဝါပါ"

"ကျုပ်ကို စံအိမ်က ကြိုခိုင်းလိုက်လို့ ... လာ... ကျုပ်နောက်လိုက်ခဲ့"

ပြောလည်း ပြော ရှေ့ကနေ တလွှားလွှားဖြင့် ထွက်သွားသော သူ့နောက်သို့ သျှင်ငုဝါမှာ မိမိအိတ်အား လက်တစ်ဖက်က ဆွဲရင်း မပြေးရုံတမယ် ခြေလှမ်းများ ဖြင့် အမှီလိုက်ရ လေတော့သည် ။

အမလေးဟယ်... နည်းနည်းပါးပါး ကူဆွဲပေးမယ် မရှိဘူး... တော်တော် လူမှုရေး မသိတတ်တဲ့ လူ... ရိုင်းလိုက်တာလည်း လွန်ရောပဲ ။ စံအိမ်နဲ့ ဘာတော်လဲ မသိဘူး... ကြည့်ရတာ အလုပ်သမား ထင်ပါရဲ့ ... စံအိမ်ကလည်း နော်... ဒီလိုလူကိုများ အလုပ်သမား ခန့်ထားရတယ်လို့ . ..

သျှင်ငုဝါတစ်ယောက် တွေးလည်း တွေး သူ့နောက်မှ ပြေးလည်း ပြေးလိုက်ရင်းဖြင့် မကြာခင် ရထားလုံးတစ်စီးနား အရောက် သူ့ခြေလှမ်းတွေ ရပ်တန့်လိုက်တာ တွေ့ရလေသည် ၊

"ကဲ... တက် အမိ"

ရထားလုံး တံခါးအား ဖွင့်ပေးပြီးသည် နှင့် သျှင်ငုဝါ တက်သည် မတက်သည် စောင့်ကြည့် မနေတော့ဘဲ အပေါ်ဘက်ရှိ လှည်းမောင်းသူ နေရာသို့ ဖြတ်လတ်စွာ တက်ထိုင်၍ မြင်းဇတ်ကြိုးက တစ်ဖက် မြင်းများအား ထိန်းကျောင်းရန် ကြာပွတ်အား လက်တစ်ဖက်တွင် အဆင်သင့် ကောက်ကိုင် ထား လိုက်လေသည် ။

"ဟေး"

သျှင်ငုဝါ တက်ပြီး ရထားလုံး တံခါးအား ဆွဲပိတ်မိရုံသာ ရှိသေး။ သူ

၏ အချက်ပေးသံနှင့်အတူ ရထား လုံးမှာ လည်း လျင်မြန်စွာ ထွက်ခွါ လာလေတော့၏။

စည်းချက်ချချ မြင်းခွါသံများ နှင့်အတူ ပြေးလွှားနေသော ရထားလုံး ၏ ပြတင်း တစ်ဖက်တစ်ချက်စီမှ ထင်းရှူးပင်များ ယူကလစ်ပင်များ ... နေကြာပန်းခင်းများ ၊ လိမ္မော်စိုက်ခင်းများ သစ်တော်ခြံ၊ မက်မန်းခြံများ ၊ မုန်လာခင်းများ ၊ ဂေါ်ဖီပွင့် စိုက်ခင်းများအား တရိပ်ရိပ်နှင့် မြင်ရသူ အဖို့ စိတ်ကြည်နူးစဖွယ် တွေ့မြင်ရလေသည် ။

အချိန်ကြာကြာ စီးပြီးနောက် တောင်ကုန်း ခပ်မြင့်မြင့် တစ်ခုပေါ်သို့ မိမိစီးလာသော ရထားလုံး မောင်းတက်သွားသည် ကို တွေ့ရပြီးနောက် တောင်ကုန်းမြင့်၏ ထိပ်ဆုံးတွင် ခြံကြီးတစ်ခြံ၏ တံခါးဝအား တွေ့ လိုက်ရလေ၏။ တံခါး၏ နောက်ဖက် ခပ်လှမ်းလှမ်းတွင် မူ ရှေးဆန် သော အိမ်ကြီးတစ်အိမ်အား မဟော်ဂနီရောင် တောက်ပလျှက် တွေ့ လိုက် ရလေသည် ။

အိုး... လှလိုက်တာ... စုလစ်မွန်းချွန်များ ၊ မီးခိုးခေါင်းတိုင်များ ဖြင့် ရဲ တိုက်ဆန်ဆန် ဆောက်ထားသည် ဆိုသော်လည်း မဟော်ဂနီ စံအိမ်ကြီး မှာ ခေတ်နောက်ပြန် ဆွဲနေသော အိမ်အိုအိမ်ဟောင်း စာရင်းထဲတွင် မ ပါဝင်ပါ။

ရုတ်တရက် သျှင်ငုဝါ စီးလာသော ရထားလုံးလေးမှာ ရပ်တန့်လိုက် သလိုကြောင့် ဘေးပြတင်းပေါက်မှ ခေါင်းပြူကြည့်မိရာ စံအိမ်တံခါးဝ ရောက်နေသည် ကို တွေ့ရလေသည် ။

ခြံတံခါး၏ ဘေးဖက် အုတ်နံရံပေါ်တွင် ကြေးဝါဆိုင်းဘုတ် တစ်ခုချိ တ်ဆွဲထားပြီး မဟော်ဂနီစံ အိမ်ဟူသော အမည်ကို အနက်ရောင် စာလုံး တို့ ဖြင့် ရေးသား ထားလေသည် ။

သိပ်မကြာ ခြံထဲက ဝဝဖိုင့်ဖိုင့် အသက်လေးဆယ်ကျော် ငါးဆယ် နီးပါး ရှိနိုင်မည့် ဦးကြီးတစ်ယောက် ပြေးထွက် လာပြီး ခြံတံခါးအား ဖွင့်ပေးလေသည် ။

တံခါးဖွင့်ပေးရင်း မိမိရှိရာ ရထားလုံးထဲသို့ လှမ်းကြည့်လိုက်သော လူကြီးအား မိမိ၏ ဦးလေးအရွယ်၊ ဖခင်အရွယ်မို့ သျှင်ငုဝါမှာ လှမ်း၍ ပြုံးပြ လိုက်လေသည် ။

ဟင်... ဘယ်လိုကြီးလဲ မိမိပြုံးပြသည် အား မသိသလိုဖြင့် မျက်နှာလွှဲသွားသူ လူကြီးအားကြည့်၍ သျှင်ငုဝါစိတ်ထဲတွင် မသိုးမသန့် ဖြစ်သွားလေသည် ။

ဒီစံအိမ်က အလုပ်သမားတွေက ရိုင်းလှချည်လား... လူမှုရေးပဲ နားမ လည်တာလား... ဘယ်လိုကြီးပါလိမ့်... လူတစ်ယောက်လုံးက ပြုံးပြတာ တောင် ဖော်ရွေမှု မရှိဘူး။ သျှင်ငုဝါ တစ်ယောက်တည်း တွေးနေမိရင်းမှ စိတ်ထဲ လေးလံ သွားမိလေသည် ။

မှန်ပေသည် ။ မိမိဒီစံအိမ်တွင် အလုပ်လာမလုပ်ခင် ဖုန်းဆက် မေး ကတည်းက ဖော်ရွေမှုမရှိသော လူနှင့် စကားပြောခဲ့ရသည် ။ အလုပ်ရ လို့ ရောက်လာပြန်တော့လည်း လာကြိုသူက နွေးထွေးလှိုက်လှဲမှုမရှိ၊ ဟော... အလုပ်ဝင်ရမဲ့ အိမ်ရောက်ပြန်တော့လည်း လာလာချင်း ဆောက်နဲ့ ထွင်း ဆိုသလို အဝင်ဝကတည်းက ဖော်ရွေမှုမရှိသော မျက်နှာထားနှင့် ခြံစောင့်လူကြီးကို တွေ့လိုက် ရပြန်ပြီ...

သေချာပြီ... ဒီစံအိမ်ကလူတွေ အကုန် မရယ်မပြုံးတတ်တာ ဖြစ်မယ် ... ငါလည်း ခုချိန်ကစပြီး မရယ်မပြုံးတော့ဘူး။ ခပ်တည်တည်နေမှ ဖြစ် တော့မယ်။

ဆုံးဖြတ်ချက် ချပြီးသည် နှင့် တိုက်ဆိုင်စွာပင်သျှင် ငုဝါစီးလာသော

ရထားလုံးလေးမှာ စံအိမ်အဝင်ဝသို့ ရောက်ရှိ လာလေတော့၏။

***

အခန်း(၆)

ရထားလုံး တံခါးအားဖွင့်ဆင်း၍ မိမိအဝတ်အိတ်လေးအား ဆွဲယူလိုက်သည် နှင့် ရထားလုံးမှာ ပြန်လှည့်ထွက်သွားရန် မြင်းအား အချက်ပေးသံ ကြားလိုက် ရလေသည် ။

"ဟေး... ဟေး"

"ခဏ... ဒီမှာ ရှင့်... ခဏလောက် "

လှည့်ထွက်သွားတော့မည့် ရထားလုံးအား လက်ပြ၍ တားဆီး၍ လှမ်းမေးလိုက်သည် ။

ယခုအချိန်ထိ ဦးထုပ်အောက်မှ မျက်နှာအား သဲကွဲစွာမမြင်ရဘဲ အသံသာ ကြားနေသော မာကျောကျော လူထံမှ ထုံးစံအတိုင်း စိတ်မရှည်သော လေသံဖြင့်...

"ဘာလဲ... အမိ... ဘာပြောမလို့ လဲ မြန်မြန်ပြော"

"ပြောပါ့မယ်ရှင် တကထဲ... ရှင့်နာမည်လေးများ သိခွင့် ရှိမလားလို့ပါ"

"ကျုပ်နာမည်... စဝ်ရန်နိုင်... ... မင်းသိချင်တာ ဒါပဲ မဟုတ်လား ကျုပ်သွားပြီ"

ကြွ... ကြွ... ဖြစ်နေလိုက်တာ...

ပြောလည်း ပြော လှည့်ထွက်သွားသော ရထားလုံး နောက်မြီးအား ကြည့်၍ သျှင်ငုဝါ မဲ့ရွဲ့ ပြော လိုက်လေသည် ။

"ဆရာမလေးတောင် ရောက် လာပြီကိုး... ကြွပါ... ဆရာမလေးဆို လို့ အသက်ကြီးကြီး မှတ်တာ... ငယ်ငယ်လေး ရှိသေးတာပဲ... ချော လည်း ချော... ချစ်စရာလည်း ကောင်းလိုက်တာကွယ်"

တလမ်းလုံး ခပ်တည်တည်နှင့် တစ်လောကလုံး ၎င်းတို့ လုပ်စာ ထိုင်စားနေကြသလို မျက်နှာထား များ နှင်သာ တွေ့ခဲ့ရသော သျှင်ငုဝါ မှာ စံအိမ်ထဲမှ အသားဖြူဖြူ မျက်နှာဝိုင်းဝိုင်းနှင့် သဘောကောင်းပုံရ သော မိခင်နှင့် ရွယ်တူလောက်ရှိမည့် အမျိုးသမီးကြီး တစ်ယောက် မိမိ အား နွေးထွေးစွာ ဆီးကြိုလိုက်မှုအား တအံ့ တဩ ကြုံတွေ့ လိုက်ရလေ ၏။

စံအိမ်ရောက်လျှင် ခပ်တည်တည်နေမည်ဟု ဆုံးဖြတ်ထားသူ သျှင်ငု ဝါ မှာ အမျိုးသမီးကြီး၏ နှစ်လိုဖွယ် ကောင်းသော အမူအရာကြောင့် စိတ်အားတက်မိပြီး ပြုံးပြ လိုက်မိလေသည် ။

***

# အပိုင်း(၃)

## အခန်း(၇)

"ကျွီ... "တံခါးဖွင့်လိုက်လျှင် မြည်သော တံခါးရွက်ကြားရှိ ပတ္တာအသံကြောင့် ခရီးပန်းလာ၍ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားသော သျှင်ငုဝါ ရုတ်တရက် လန့်နိုးသွားလေသည် ။

"ရှပ်... ရှပ်... ရှပ်"

တံခါးဖွင့်သံကြောင့် ဇဝေဇဝါ အတွေးများ နှင့် မျက်လုံးဖွင့်ကြည့်၍ နားစွင့်နေမိဆဲ ခြေသံ တိုးဖွဖွတို့ ကြောင့် သျှင်ငုဝါ လှဲနေရာမှ ကုတင်ပေါ်တွင် ငုတ်တုတ် ထထိုင် လိုက်လေသည် ။

"ရှပ်... ရှပ်"

ဟော... ရပ်သွားပြီ...

ခြေသံတိုးဖွဖွမှာ ရပ်သွား၍ စဉ်းစားနေဆဲမှ ပင်...

ဟင်... ရပ်သွားတာ ငါ့အခန်းရှေ့ပဲ...

မိမိအခန်းတံခါး အောက်ခြေမှ အနည်းငယ် လွတ်နေသော နေရာ

လေးရှိရာ လှမ်းကြည့် လိုက်ရာတွင် ခြေသံရှင် ကိုင်ထားဟန်ရှိသော မီး အိမ်မှ အလင်းရောင် တစ်စွန်းတစ်စက မိမိအခန်းတွင်းသို့ တံခါး၏ အောက်ခြေမှ ဝင်နေလေသည် ။ မှန်အိမ်၏ အလင်းရောင်ကို တွေ့လိုက် မှ ပင် မိမိအခန်းတွင်း၌ မှောင်မည်းနေမှန်း သတိပြုမိ လေတော့သည် ။

မြတ်စွာဘုရား... မီးမလာတာလား... မီးပျက်နေတာလား... မီးမရှိ တာများ လား... ငါတော်တော် အိပ်ပျော်သွားတာဘဲ... တစ်ခန်းလုံး လည်း မှောင်မည်းလို့ ...

စံအိမ်သို့ ရောက်ရောက်ချင်း မိမိအား ဖော်ဖော်ရွေရွေဖြင့် ခရီးဦးကြို သော ဒေါ်ထွေးဆိုသော အမျိုးသမီးကြီး နေရာချထားပေးသော မိမိအတွ က် ပေးသော အခန်းထဲသို့ ရောက်ရောက်ချင်း အိပ်ရာပေါ် ပစ်လှဲလိုက် ရာမှ ယခုအချိန်ထိ အိပ်ပျော်သွားခြင်း ဖြစ်ပေလိမ့်မည်။

"အမလေး"

မှောင်မည်းတိတ်ဆိတ်နေသောကြောင့်စိတ်ထဲတွင် မလုံခြုံသလိုခံ စားနေရသောသျှင်ငုဝါသည် မိမိအခန်းဘေးရှိပိတ်ထားသောပြတင်းပေါ က်အားစိတ်သက်သာရာရလို့ ရငြားဖွင့်လိုက်ရာပြတင်းပေါက်မှ ဖြူဖြူ အရိပ်ကြီးတစ်ခုကစလိုက်မီးသဖွယ်အခန်းတွင်းသို့ဝင်လာသဖြင့်လန့်ဖြ န့်၍ အော်မိလေသည် ။

ဩော်... ... လရောင်ပါလား... ငါ့နှယ်နော်... လန့်စရာရှားလို့

သေချာ ပြန်ကြည့်မိတော့မှ လပြည့်ညဖြစ်၍ ထိန်ထိန်သာနေသော လမင်းကြီး၏ အလင်းရောင်က ပြတင်းပေါက် သံတိုင်များမှ တဆင့် မိမိ အခန်းတွင်းသို့ မီးမောင်း ထိုးထားသည့်သဖွယ် ဝင်ရောက်နေခြင်း ဖြစ် လေသည် ။

ရုတ်တရက် မိမိအခန်းရှေ့တွင် ရပ်တန့်နေသော မီးရောင်မှာ ပျောက်ကွယ်သွား၍ ရှေ့ဆက် လမ်းလျှောက်သွားသော ခြေသံမှာ မကြားရတော့ချေ။

ဟင်... ငါ့အခန်းရှေ့မှာ ရပ်နေပြီး နောက်ဆုတ်သံမကြား ရှေ့ဆက်လျှောက်သံလည်း မကြားရဘဲ မီးရောင် ပျောက်သွားတယ် ဆိုတော့... ထိတ်လန့် ချောက်ချားမှုတို့ က တစ်ကိုယ်လုံးအား ဖြန့်ကျက် လွှမ်းခြုံထားမှုကြောင့် သျှင်ဝုဝါ တစ်ကိုယ်လုံး အေးစက်၍ ဇောချွေးများ ပြန်လာလေသည် ။

ဒါ... ဒါ... ငါ့အခန်းရှေ့မှာ မီးပိတ်ပြီး ရပ်နေတာပဲ ... သေချာတယ် လုံးဝ မသွားသေးဘူး...

"ဘယ်သူလဲ"

"အခန်းရှေ့က ဘယ်သူလဲ"

ရဲဆေးတင်စိတ်အား တင်း၍ အခန်းထဲမှ လှမ်းမေးလိုက်သော သျှင်ဝုဝါ၏ အသံမှာ တုန်ယင် နေလေသည် ။ မည်မျှပင် အော်မေးသော်လည်း ပြန်ဖြေသံ မကြားရဘဲ အခန်းပတ်ဝန်းကျင် တစ်ဝိုက်တွင် မိမိလှမ်းမေးသံသာ ပဲ့တင်ထပ် ပြန်ကြား ရလေသည် ။

မည်သည့်အသံမှ မကြားရသည့် အဆုံး သျှင်ဝုဝါဆုံး ဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင် ချလိုက်၍ အခန်းတံခါးဆီသို့ ဦးတည် လျှောက်လှမ်းလိုက်လေတော့သည် ။

"ဒေါက် ဒေါက် ဒေါက်"

တံခါးဆီသို့ ဦးတည်အသွား ရုတ်တရက် တံခါးခေါက်သံကြောင့် ရင်ထဲတွင် ထိတ်ခနဲ ခုန်သွားလေသည် ။

"ဒေါက်... ဆရာမလေး... ဒေါက် ... ဆရာမလေး... နိုးပြီလား... တံခါးဖွင့်ပါဦး ... ဒေါ်ထွေးပါ"

ဟူး... တော်ပါသေးရဲ့ ... ဒေါ်ထွေးတဲ့ ... မလွယ်ပါဘူး... ငါတော့ ဒီ အိမ်မှာ ဆက်နေရင် နှလုံးရောဂါ ရတော့မယ်နဲ့ တူပါရဲ့ ...

" လာပြီ... ဒေါ်ဒေါ်"

သျှင်ငုဝါ အသံပေးပြီး တံခါးလှမ်းအဖွင့် တံခါးဝတွင် ဝါဆိုဖယောင်း တိုင်ကြီး တစ်တိုင်အားကိုင်လျက် ဒေါ်ထွေးအား တွေ့လိုက်ရလေသည် ။

"ဆရာမလေး နိုးပြီလား... သခင်ကြီး မလာသေးလို့ ဘယ်သူမှ မီးစက် မနှိုးရဲကြဘူး... ရော့ ဒါကြောင့် ဖယောင်းတို င်လာပေးတာ... စောစောက တစ်ခေါက် လာသေးတယ်... ဆရာမလေး အိပ်ပျော်နေ တယ်ထင်လို့ မခေါက်တော့ဘဲ ပြန်သွားတာ... ခုကျတော့ အရမ်း မှောင် လာတော့ အိပ်ရာကနိုးရင် လန့်နေမှာ စိုးလို့ လေ"

ပြောလည်း ပြော ဒေါ်ထွေးမှ အခန်းတွင်းသို့ဝင်၍ သျှင်ငုဝါ ဖွင့်ထား သော ပြတင်းပေါက်နားရှိ စားပွဲပေါ်တွင် သူ၏ လက်ထဲမှ ဖယောင်းတိုင် အား သွားထား ပေး လိုက်လေသည် ။

ဖယောင်းတိုင် ထွန်းလိုက်သောအခါမှ မိမိအတွက် ပေးထားသော အခန်းမှာ အလွန်ကျယ်ဝန်းပြီး ရေချိုးခန်း၊ အိမ်သာပါ အခန်းထဲတွင် ပါရှိကြောင်း တွေ့လိုက်ရလေသည် ။

အခန်းထောင့်တွင် လည်း ကြီးမားသော နံရံကပ် ဗီရိုကြီးတစ်လုံးက နေရာယူထားလေသည် ။ ဗီရိုဘေးတွင် ရှေးဟောင်း မှန်တင်ခုံတစ်လုံး အား မဟော်ဂနီရောင် သုတ်ထားတာကို တွေ့ရလေသည် ။ မှန်တင်ခုံ ပေါ်တွင် မိန်းကလေး အလှပြင် ပစ္စည်းများအား အမျိုးအစား စုံလင်စွာ

တွေ့ရ၍ ဒေါ်ထွေးအား မေးမည်အပြု ဒေါ်ထွေးမှ မိမိမေးမည်ကို ကြိုတင်သိပုံဖြင့်...

"ဒါ... သခင်မလေး မြသီရိရဲ့ ပစ္စည်းတွေလေ... ဒီအခန်းကလည်း သူ့အခန်းပဲလေ... "

"သခင်မလေး မြသီရိဆိုတာ... "

"မဟော်ဂနီ စံအိမ်ကြီးရဲ့ ပိုင်ရှင်သခင်ကြီးနဲ့ သခင်မကြီးတို့ ရဲ့ သမီးအကြီးဆုံးလေ... "

"ဟုတ်လား... ခုသူကော... ဘယ်မှာ လဲ"

"သူဆုံးသွားပြီ ဆရာမလေး... ဆုံးတာမှ ...

"ဘာလဲဟင်... ဆက်ပြောပါဦး ဒေါ်ဒေါ်... သူက ဘယ်လိုဆုံးတာလဲ"

"အရေးမကြီးပါဘူး ဆရာမလေးရယ်... ကဲ... ကိုယ်လက် သန့်ချင်လည်း သန့်... ရေချိုးချင်လည်း ချိုး... ပြီးရင် အောက်ကို ဆင်းလာခဲ့တော့... သခင်ကြီး မရောက်ခင် ကြိုရောက်နေမှ ဖြစ်မှာ "

"ဟုတ်ကဲ့... ကျွန်မ လိုက်ခဲ့ပ့ါမယ် ဒေါ်ဒေါ်"

***

အခန်း(၈)

အောက်ထပ် ထမင်းစားပွဲသည် ဝါဆိုဖယောင်းတိုင် မီးများ ဖြင့် ခမ်း

နားထိန်လင်းလျက် ရှိလေသည် ။ ဒီလောက် ချမ်းသာပြီးတော့များ မီးစက်ကလေးတောင် ဝယ်မထားဘူး ထင်တယ်... ဟုတ်သေးပါဘူး... ခုန ပြောတာ ကြားလိုက်ပါတယ်။ သခင်ကြီး မလာသေးလို့ ဆိုလား... မီးစက် မနိုးသေးတာတဲ့ ။

သျှင်ငုဝါ စဉ်းစားရင်း လှေကားပေါ်မှ အဆင်း အောက်ထမင်းစားဝိုင်းတွင် မိမိထက် လေးငါးနှစ်လောက် ငယ်မည် ထင်ရသော ကောင်မလေး တစ်ယောက် မိမိအား မော့ကြည့် ပြုံးပြနေသည် ကို တွေ့လိုက်ရလေသည် ။

ကောင်မလေး၏ ဘေးတွင် မူ ဂျစ်ကန်ကန် မာကျောကျော အသွင်ဖြင့် မိမိအား စိတ်မရှည်သလို မျက်မှောင်ကုတ်၍ ကြည့်နေသော အသက်သုံးဆယ်ကျော်အရွယ် လူတစ်ယောက် စပို့ရှပ် မိုးပြာရောင်ပေါ်တွင် အသားရောင်ဆွယ်တာ ထပ်ဝတ်ထားကာ ဂျင်းဘောင်းဘီရှည်နှင့် ခြေပေါ်ခြေချိတ်ကာ ထိုင်နေလေသည် ။

"... ကဲအမိ... မြန်မြန် ကြွခဲ့ပါတော့... အမိကို စောင့်နေရတာ ခြေတစ်လှမ်း ကုဋေတစ်သန်းတန်တယ် ထင်နေလား မသိဘူး"

"အို... ကိုကြီးကလည်း ... လာ... မမလာ"

ဟိုလူပဲ ... ငါ့ကို လာကြိုတဲ့ လူ ဘုကလန့် လူ့ဂွစာ စဝ်ရန်နိုင်ဆိုတဲ့ လူ...

စဝ်ရန်နိုင်၏ ကန့်လန့်တိုက် ပြောသောစကားအား မိမိကိုမော့ကြည့် ပြုံးပြနေသော ကောင်မလေးက လှမ်းဟန့်ပြီး သူမအနားသို့ လှမ်းခေါ်လေသည် ။

အနားရောက်မှ ပင် မိမိအား ပြုံးပြနေသော ကောင်မလေးမှာ ဝိုးချဲ(

ဘီးတပ်ကုလားထိုင်)ပေါ်တွင် ထိုင်နေမှန်း သျှင်ငုဝါ တွေ့မြင် လိုက်ရလေသည် ။

ဟင်... အောက်ပိုင်း မသန်ဘူး ထင်ပါရဲ့

"မမ ညီမလေးက မမစာသင်ပေးရမဲ့ သူပါ... ညီမလေး နာမည်က မြသရဖီပါ... "

"မမနာမည်က သျှင်ငုဝါ ညီမလေး... "

"ဟုတ်ကဲ့မမ သရဖီ သိပါတယ်... သရဖီ ရှစ်တန်းဖြေခါနီး accident တစ်ခုကြောင့် အောက်ပိုင်း သေသွားခဲ့လို့ ကျောင်းဆက် မတက်ဖြစ်ခဲ့ရဘူး... အင်္ဂလိပ်စာ လေ့လာဖို့ အရမ်းဝါသနာပါလို့ ဖေဖေ့ကိုပူဆာပြီး အိမ်မှာ ဆရာမ ခေါ်သင်ခိုင်းခဲ့တာပါ... ရှေ့မှာ လာသင်ပေးတဲ့ ဆရာမကလည်း မမရယ် ရုတ်တရက်ကြီး... "

"သရဖီ... နင့်ကိုငါ ဘာမှာ ထားလဲ ... ကိုယ်နဲ့ မဆိုင်တာတွေ မပြောနဲ့ ... ဆိုင်တာပဲ ပြောဆိုတာကို"

လှမ်းဟန့်လိုက်သော စဝ်ရန်နိုင်ကြောင့် သရဖီမှာ အသံတိတ်၍ ...

"ဆောရီး ကိုကြီး သရဖီမေ့သွားလို့ "

ရှေ့မှာ ဆရာမ ဆိုပါလား... ... ငါ့အရှေ့မှာ တစ်ယောက်ရှိတယ်ပေါ့။ လာသင် သွားတာလား... ခုကော... ဘယ်ရောက် သွားတာလဲ။

မြသရဖီ၏ စကားတို့ ကြောင့် သျှင်ငုဝါရင်ထဲ အတွေးစတို့ ဖြန့်ကျက်နေဆဲတွင် အိမ်ရှေ့ ဆင်ဝင်အောက် ကားရပ်သံနှင့်အတူ အသံဩဇာကြီးမားသော အသက်ငါးဆယ်ကျော် အရွယ် လူကြီးတစ်ယောက်၏ အသံအား ကြားလိုက် ရလေသည် ။

"ဟော့... ဒေါ်ထွေး... သရဖီ... မောင်နိုင် ဘယ်ရောက် ကုန်ကြပြီလဲ ဟော့... ကားပေါ်က ပစ္စည်းတွေ လာချကြဦး"

"လာပါပြီ သခင်ကြီး"

ပြောလည်း ပြော အသက်အရွယ်နှင့်မျှ မလိုက် ဒေါ်ထွေးတစ်ယောက် သွက်လက်စွာ ပြေးထွက်သွားလေသည်။

သိပ်မကြာ ခြေသံခပ်ပြင်းပြင်း နင်းသံနှင့်အတူ အရပ်ရှည်ရှည် ထောင်ထောင်မောင်းမောင်း ကုတ်အင်္ကျီ ဘောင်းဘီရှည် တောစီးဖိနပ်ရှည်တို့ စီးထားသော လူတစ်ဦး ဝင် လာလေသည်။ ၎င်း၏ မျက်ဝန်းတို့မှာ စူးရှပြောင်လက်၍ နှာခေါင်းမွေး မုတ်ဆိတ်မွေး ထူလဗျစ်နှင့် ရက်စက် ကြမ်းတမ်းမည့်အသွင်ကို ဆောင်နေလေသည်။

လက်တစ်ဖက်တွင် ကောင်းဘွိုင်များ ဆောင်းလေ့ရှိသော ဦးထုပ်အား ကိုင်ထား၍ ကျန်လက်တစ်ဖက်တွင် နှစ်လုံးပြူး သေနတ် တစ်လက်အား ကိုင်ထားသည် ကို ကြည့်ခြင်းအားဖြင့် အမဲလိုက်ပြီး ပြန်လာဟန် တူလေသည်။

***